မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိန်းမိခ္ခ၊ ဥဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၇၄)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၄

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းကို ဂုဏ်ပြုဆုငွေကျပ် သိန်း ၁၀၀ ပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ

MSMEs ပြန်လည်မြှင့်တင်ရေး စိတ်ကူးများမှသည် . . . — ဆောင်းပါး — စာ ၆

လုံခြုံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန် အင်ဒိုနီးရှားနှင့် သြစတြေးလျတို့ သဘောတူ — နိုင်ငံတကာသတင်း — စာ ၁၃

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ — တွေ့ဆုံမေးမြန်း — စာ ၁၆

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(၁)	ဦးမြင့်ဆွေ	ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌရုံးအဖွဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့
(၂)	ဦးဇော်မင်းထွန်း	ညွှန်ကြားရေးမှူးချုပ် စုံစမ်းစစ်ဆေးရေးဦးစီးဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၄

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလာပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

မြန်မာနိုင်ငံအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပပြီး
သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်

စစ်တွေ ဇူလိုင် ၄

မြန်မာနိုင်ငံ အမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ၊ သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့က စစ်တွေမြို့ လမ်းသစ်ရပ်ကွက် သုဓမ္မာပရိယတ္တိ သီလရှင်စာသင်တိုက်၌ ကျင်းပပြုလုပ်ရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ သုဓမ္မာပရိယတ္တိသီလရှင်စာသင်တိုက် ပရိဝုဏ်အတွင်း၌ သစ်ပင်စိုက်ပျိုးပွဲကို ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ ပျိုးပင်များ ပေးအပ်ပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ ထံ ပျိုးပင်များ ပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက သတ်မှတ်နေရာများတွင် ကုံကော်ပင်နှင့်ခရေပင်များကို စိုက်ပျိုးပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက သစ်ပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ကုံကော်ပင်နှင့် ခရေပင် ၁၀၀ ကျော်ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် အဆိုပါသီလရှင် ကျောင်းတိုက်ဓမ္မာရုံ၌ သုဓမ္မာသီလရှင်ကျောင်းတိုက်နှင့် အမ္မာရာမသီလရှင်ကျောင်းတိုက်တို့ရှိ သီလရှင်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းရာ **(အပေါ်ပုံ)** အမ္မာရာမပရိယတ္တိ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးနှင့် သီလရှင်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့်တာဝန်ရှိသူများက သီလရှင်ဆရာကြီးများနှင့် သီလရှင်များအား အလှူငွေ၊ သီလရှင် ဝတ်စုံ၊ သီလရှင် အသုံးအဆောင်ပစ္စည်းများကို ဆက်ကပ်ကာ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ဓားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့် တွံတေးမြို့ပြပြောက်ကျား အမည်ခံ PDF အကြမ်းဖက်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှု လိုအားသူများနှင့် PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီး ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၄

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးညှင်းမြို့တွင် ၅ ဒသမ ၈၂ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၇၆ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၂၆ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၅၈ လက်မ၊ မိုးကုတ်မြို့နှင့် ချောင်းဆုံမြို့တို့တွင် ၃ ဒသမ ၅၄ လက်မစီ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မော်လမြိုင်ကျွန်းမြို့တွင် ၃ ဒသမ ၄၅ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၃၀ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကျိုက္ခမီမြို့နှင့် လောင်းလုံးမြို့တို့တွင် ၃ ဒသမ ၁၁ လက်မစီနှင့် ထားဝယ်မြို့တွင် ၃ ဒသမ ၀၃ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

မြန်မာ့အလင်း

မဖြစ်မနေဆောင်ရွက်သွားရမည့် တရားမဝင်ကုန်သွယ်မှုပပျောက်ရေး

နိုင်ငံ့စီးပွားမြင့်တင်ရေးဆောင်ရွက်ရာတွင် များစွာအဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့် တရားမဝင် ကုန်သွယ်မှုများ ပပျောက်ရေးဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။ တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေးဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များက တားဆီးစစ်ဆေး ဖမ်းဆီးအရေးယူမှုများပြုလုပ်ပြီး အတိုင်းအတာတစ်ရပ်အထိ ဆောင်ရွက်နိုင်ခဲ့သည့်တိုင် ဆက်လက်လိုအပ်နေခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ၂၀၂၁ ခုနှစ် ဧနှစ်၀ါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်အတွင်း ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၂၂၄၀ နှင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၅၉ ဘီလီယံ၊ ၂၀၂၂ ခုနှစ် ဧနှစ်၀ါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်အတွင်း ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၄၂၃၂ မှုနှင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၀၅၆ ဘီလီယံအထိရှိခဲ့ရာ ကာလတူအတွင်း ဖမ်းဆီးရမိမှု အမှုတွဲများအရရော ခန့်မှန်းတန်ဖိုးအရပါ အဆများစွာ တိုးတက်ကွာခြားခဲ့သည်ကို တွေ့ရသည်။ စစ်ဆေးဖမ်းဆီးအရေးယူမှုများ ပြုလုပ်ရာတွင် ကုန်သွယ်မှုလမ်းကြောင်းများ၊ စစ်ဆေးရေးစခန်းများ၌သာမက တရားမဝင်ကုန်ပစ္စည်းများ သိုလှောင်နိုင်သည့် သိုလှောင်ရုံများနှင့် အဆောက်အအုံများကိုပါ သတင်းရယူ ဝင်ရောက်စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည့်အတွက် ဖမ်းဆီးရမိမှုများ တိုးတက်ခဲ့ခြင်းလည်း ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ပထဝီအနေအထားအရ တရားဥပဒေစိုးမိုးမှုအားနည်းပြီး ထိန်းချုပ်ရန် ခက်ခဲသည့် နယ်စပ်မျဉ်းများနှင့် တရားမဝင် ဝင်ထွက်ပေါက်များ၊ မှောင်ခိုရှောင်ကွင်းလမ်းများအပြင် အကျင့်ပျက်ဝန်ထမ်းအချို့ကြောင့်လည်း တရားမဝင်ကုန်ပစ္စည်းများမှာ နိုင်ငံအတွင်းပိုင်းသို့ရောက်ရှိလာနိုင်ရာ သိုလှောင်ရုံများနှင့် စျေးကွက်များအထိ စစ်ဆေးအရေးယူနိုင်ရန် လိုအပ်မည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုဖြစ်ရခြင်း အကြောင်းရင်းများတွင် အစိုးရ၏မူ၀ါဒ (Government Policy)၊ ရောင်းလိုအားနှင့် ဝယ်လိုအား (Supply and Demand)၊ ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု (Transparency and Trade)၊ အကောက်ခွန်လုပ်ငန်း၀န်းကျင် (Customs Environment) စသည့် အခြေခံကျသော အချက်များသာမက နိုင်ငံအတွင်း မတည်ငြိမ်သော ဒေသများ ရှိနေခြင်း၊ နယ်စပ်ဒေသများ ရှည်လျားပြီး စောင့်ကြည့်ထိန်းသိမ်းရန် ခက်ခဲခြင်း၊ ဥပဒေရေးရာ အားနည်းချက်များရှိခြင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး၀န်ထမ်းအင်အားနှင့် စွမ်းဆောင်ရည်နိမ့်ကျခြင်း၊ အကျင့်ပျက်မှုများ ရှိနေခြင်းတို့ကလည်း တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရာတွင် စိန်ခေါ်မှုများပင် ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများတွင် ဝန်ထမ်းများ ပါ၀င်ပတ်သက်မှု မရှိရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးတို့အတွက် နိုင်ငံတော်အကြီးအကဲပိုင်းက ထပ်ကာထပ်ကာ မှာကြားမှုများ ပြုလုပ်နေသည့်အပြင် တရားမဝင်ကုန်သွယ်မှုများတွင် ဝန်ထမ်းများ ငွေကြေးတောင်းခံခြင်း၊ တံဆိုးလက်ဆောင်ရယူခြင်းများ မရှိစေရေး သတိပေးညွှန်ကြားမှုများ ပြုလုပ်ခဲ့ပြီး အကြိမ်ကြိမ်သတိပေးထိန်းကျောင်းနေသည့် ကြားမှ တရားမဝင်ကုန်သွယ်မှုများတွင် ပါ၀င်ပတ်သက်နေသည့် ဝန်ထမ်းများကို စိစစ်တွေ့ရှိပါက စံနမူနာပြအနေဖြင့် ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်းလည်း အသိပေးထားခဲ့သည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေး၊ ပြည်တွင်းရှိ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပြည်တွင်းလုံခြုံရေးနှင့် မူးယစ်ဆေး၀ါးတိုက်ဖျက်ရေးတို့နှင့် ပါ ဆက်နွယ်နေသည့်အတွက် မိမိတို့နိုင်ငံတွင် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် ဆက်စပ်နေသည့် တာ၀န်ရှိဌာနအသီးသီးတို့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်အပြင် ပြည်သူများ၏ သတင်းပေးပို့မှု၊ ပူးပေါင်းပါ၀င်မှုတို့ကလည်း လွန်စွာအရေးပါသည့်အလျောက် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှု၏ အန္တရာယ်ကို တိုက်ဖျက်ရာတွင် အားလုံးပါ၀င်ကြရပါမည့်အကြောင်း။ ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဂိုးသွင်းအများဆုံး ကစားသမားဆုရ ဇော်ဇော်ထိုက် ကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို အကောင်းဆုံး ရှေ့တန်းကစားသမားဆုရ ကိုကိုလင်း ကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာကျော်ထွန်း အကောင်းဆုံး ဂိုးသမားဆုရ စောကျော်ခန့်နို ကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

❖ *ရှေ့ဖုံးမှ*

ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန (က) အသင်းက ၆ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက အကောင်းဆုံး ဂိုးသမားဆုရရှိသည့် ပညာရေးဝန်ကြီးဌာန (က) အသင်းမှ ဂိုးသမား စောကျော်ခန့်နို ကိုလည်းကောင်း၊ ကောင်စီဝင် ဒေါက်တာအောင်ကျော်မင်းက အကောင်းဆုံး နောက်တန်း ကစားသမား ဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းမှ ခွန်ဝင်းကျော် ကိုလည်းကောင်း၊ ကောင်စီဝင် ဒေါက်တာမှူထန်က အကောင်းဆုံးအလယ်တန်း ကစားသမားဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းမှ ထက်မြတ်မင်းကိုလည်းကောင်း၊ ကောင်စီဝင် ဦးမောင်ကိုက အကောင်းဆုံး ရှေ့တန်းကစားသမားဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းမှ ကိုကိုလင်းကိုလည်းကောင်း၊ ကောင်စီဝင် မန်းငြိမ်းမောင်က ဂိုးသွင်းအများဆုံး ကစားသမားဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က) အသင်းမှ ဇော်ဇော်ထိုက် ကိုလည်းကောင်း၊ ကောင်စီဝင် ပိုးရယ်အောင်သိန်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမား ဆုရရှိသည့် ပညာရေးဝန်ကြီးဌာန (က) အသင်းမှ သန်းမြတ်စိုးကိုလည်းကောင်း တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြတ္တန်းဦးက ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၁ သင်းတို့ဖြင့် အုပ်စု သုံးအုပ်စုခွဲကာ ဇွန် ၂၂ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံ၊ China-ASEAN Forum on Emerging Industry ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၄

China–ASEAN Forum on Emerging Industry သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့၌ ရောက်ရှိနေသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရှန်းကျန်းမြို့၌ တရုတ် ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Jin Zhuanglong ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် လျှပ်စစ်ကားများ၊ဆိုလာများ၊ ဆေးပစ္စည်းထုတ်လုပ်ရေး၊ အသေးစား၊ အင်ယင်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာများ လွှဲပြောင်းရရှိရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် China–ASEAN Forum on Emerging Industry ဖွင့်ပွဲ အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

ပြန်ကြားရေးဝန်ကြီးဌာနက အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာနက အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး အသင်းမှ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

မှတ်တမ်းဗီဒီယိုပြသ

ရှေးဦးစွာ "ပန်းတိုင်းပွင့်၍ မွေးပါစေ" မှတ်တမ်းဗီဒီယိုနှင့် "မိုခါမုန်တိုင်း စုပေါင်းမူအင်အား ရလဒ်" မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကမိမိတို့အနေဖြင့် အထက (၁၂) ကျောင်းစာကြည့်တိုက်အတွက် တတ်နိုင်သည့်အင်အားဖြင့် ပထမအကြိမ် လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် သူများဖြစ်သည့်အတွက် ကျောင်းပညာရပ်များကို ကြိုးစားသင်ယူခြင်း၊ သုတ ရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခြင်းတို့ဖြင့် မိမိတို့ဘဝကို မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း၊ စာအုပ်စာပေများက လူငယ်များ၏ ဘဝကို မြှင့်တင်ပေးပြီး အသိပညာ ဗဟုသုတများ ရရှိစေမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့် စာအုပ်ဗီရိုတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုတို့က လက်ခံရယူစဉ်။

လေ့လာဖတ်ရှုကြစေလို

နိုင်ငံတော် ဝန်ကြီးချုပ်ကလည်း လူငယ်ကဏ္ဍကို အလေးထား မြှင့်တင်ပေးလျက် ရှိပါကြောင်း၊ ထိုသို့ အလေးထားဆောင်ရွက်သည်နှင့်အညီ ကျောင်းသား ကျောင်းသူများအနေဖြင့် လည်း မိမိဝန်းကျင်၊ မိမိဒေသ၊ မိမိတိုင်းပြည်က အားကိုး၊ အားထားပြုရသည့် လူချွန် လူကောင်း၊ သားကောင်း ရတနာများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း၊ ယနေ့ လှူဒါန်းသည့် စာအုပ်များတွင် ကျောင်းသားလူငယ်များအတွက် အကျိုးရှိမည့် စာအုပ်များကို ရွေးချယ်လှူဒါန်းပေးထားပါကြောင်း၊ စာအုပ်စာပေ လူမိတ်ဆွေဆိုသည့်စကားအတိုင်း မိမိတို့ဘဝအတွက် အထောက်အကူပြုပြီး အကျိုးရှိစေမည့် သက်ဆိုင်ရာ စာအုပ်များကို လေ့လာ ဖတ်ရှုကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့် စာအုပ်ဗီရိုတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုတို့က လက်ခံရယူကြသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သူဇာဝေ က စာကြည့်တိုက်သို့ စာအုပ်၊စာစောင်များ လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အမှတ် (၁၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက " ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများသည် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း ဥတ္တရအလင်းတန်း စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မိသားစုက စာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ကျွန်းဗီရို နှစ်လုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ် ခြောက်သိန်း ငါးသောင်းတန်ဖိုးရှိ စာအုပ် ၁၅၀၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ငွေကျပ် ငါးသိန်း တစ်သောင်း ကျော်တန်ဖိုးရှိ စာအုပ် ၃၇၀ စုစုပေါင်း ၂၁ သိန်း ခြောက်သောင်း ကျော်ကို ဥတ္တရအလင်းတန်း စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မော်လမြိုင်ကျွန်းမြို့နယ်တွင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ထပ်မံရောင်းချပေး

မော်လမြိုင်ကျွန်း ဇူလိုင် ၄

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇူလိုင် ၄ ရက် နံနက် ၇နာရီကစ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် ဝက်သားတို့ကို ဈေးနှုန်းသက်သာစွာဖြင့် မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအား ထပ်မံရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ဆန် (ဧည့်မထ) တစ်ပြည်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် ၁၄၄ ပြည်၊ ဆီ (စားအုန်းဆီ) တစ်ပိဿာလျှင် ၄၃၀၀ ကျပ်နှုန်းဖြင့် ပိဿာ ၅၀၊ ကြက်ဥတစ်လုံးလျှင် ၂၃၀ ကျပ်နှုန်းဖြင့် အလုံး ၆၀၀ နှင့် ဘဲဥတစ်လုံးလျှင် ၂၄၀ ကျပ်နှုန်းဖြင့် အလုံး ၃၀၀၊ ဝက်သားတစ်ပိဿာလျှင် ၁၄၀၀၀ ကျပ်နှုန်းဖြင် ၂၅ ပိဿာတို့ကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါရောင်းချရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးတို့က ဝယ်ယူကြသူများကို ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ရောင်းချပေးခဲ့ကြကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)

ဟသ်ီတမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ီတမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်မှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကြက်ဥများကို လည်းကောင်း၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ယူနီဖောင်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ ဝင်များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA)၏ ယာယီအကြီးအကဲဖြစ်သူ Ms. Danielle Parry နှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်အား ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA)၏ ယာယီအကြီးအကဲဖြစ်သူ Ms. Danielle Parry ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) ၏ ယာယီအကြီးအကဲဖြစ်သူ Ms. Danielle Parry က ရခိုင်ပြည်နယ်ရှိ မုန်တိုင်းသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်လိုသည့်ကိစ္စ၊ OCHA ဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ဗီဇာ ဆိုင်ရာကိစ္စများနှင့် ပြည်တွင်းခရီးသွားလာခွင့်ဆိုင်ရာ ကိစ္စများ တင်ပြသည်။

ပြည်ထောင်စု ဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီ (၁၂) ရပ်ဖွဲ့စည်းထားရှိမှု၊ မိုခါဆိုင်ကလုန်း မုန်တိုင်းအတွက် နိုင်ငံတကာ အကူအညီများနှင့် စပ်လျဉ်း၍ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းဆောင်ရွက်ပေးနေမှု၊ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများသို့ နိုင်ငံတကာ အကူအညီများ ပေးပို့ရန်အတွက် ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းယန္တရားတစ်ရပ် ဖော်ဆောင်ရေးဆောင်ရွက်နေမှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် OCHA တို့အကြား သဘောတူညီမှုစာလွှာ (LoA) သက်တမ်းတိုးလက်မှတ်ရေးထိုးနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ အမြဲတမ်း အတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူး ချုပ်များနှင့် တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား၊ အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ဇူလိုင် ၃ ရက်မွန်းလွဲပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းစက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဆုများပေးအပ်ချီးမြှင့်

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အုတ်တွင်းတပ်နယ် အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်အတွင်းရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

နေပြည်တော် ဇူလိုင် ၄

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရှင်လန်း ချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန် အတွက် ယနေ့ညနေပိုင်းတွင် ဘူးသီးတောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)** ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရွှေတောင်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြစိုက်ပျိုး

ရွှေတောင် ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းအုပ်စု ကွင်းအမှတ် (၄၁၇) ကွင်းရှိတောင်သူဦးစောလွင်၏ လယ်မြေတွင် ယနေ့နံနက်ပိုင်းက မျိုးစေ့ချကိရိယာ (Drum Seeder) စနစ်ဖြင့် ကွင်းသရုပ်ပြ စိုက်ပျိုးခြင်းကို ပြုလုပ်သည်။ **(အောက်ပုံ)**

ရွှေတောင်မြို့နယ် အတွင်း မိုးစပါးလျာထားဧက ၅၈၁၆၃ ဧကရှိပြီး တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် ကြဲခင်းစနစ်လျှော့ချပြီး မျိုးစေ့ချကိရိယာ စနစ်ဖြင့် ရတနာတိုးစပါးမျိုး စိုက်ပျိုးခြင်းကို လက်တွေ့သရုပ်ပြ စိုက်ပျိုးသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများ၊ ရွှေတောင်မြို့နယ် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လက်တွေ့ စိုက်ပျိုးပြသနေမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန် / ဆက်)**

ဝမ်းတွင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေပေးအပ်ပွဲကျင်းပ

ဝမ်းတွင်း ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ပေးအပ်ပွဲကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ချေးငွေကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အမှာစကားပြောကြားပြီး Sop ပါ လုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် သမဝါယမအသင်းသား တောင်သူ ၇၅ ဦးအား မိုးစပါးစိုက်ဧက ၂၁၄ အတွက် ပံ့ပိုးချေးငွေ ၄၂၈ သိန်းအား ပေးအပ်သည်။ ဆက်လက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌတို့က ရွာရှည် ကျေးရွာ၊ အင်းခမ်းကြီးကျေးရွာ စသည့် ကျေးရွာသမဝါယမ အသင်းများသို့ ငွေကျပ် ၄၂၈ သိန်းနှင့် တန်ဖိုးညီမျှသော မျိုးစပါးများ၊ စမ်းဝတီသဘာဝ မြေသြဇာများ၊ အာမိုနှင့် ပုလဲ ဓာတ်မြေသြဇာများကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မြို့နယ်(ပြန်/ဆက်)

ချောင်းဆုံ၌ ရတနာထွန်း လယ်/ထွေ သမဝါယမအသင်းလီမိတက်က ထောက်ပံ့ငွေများ ထုတ်ပေး

ချောင်းဆုံ ဇူလိုင် ၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရတနာထွန်း လယ်/ထွေသမဝါယမအသင်းလီမိတက်က အသင်းသား အသင်းသူ ၈၀ အား ထောက်ပံ့ငွေများ ထုတ်ပေးခြင်း အခမ်းအနားကို မုဒုးကျေးရွာရှိ သီဟိုဠ်ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ နှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ၊ ကျေးရွာအုပ်ချုပ် ရေးမှူး၊ အသင်းအမှူဆောင်များနှင့် အသင်းသား အသင်းသူများ တက်ရောက်ကြသည်။ အသင်းမှ အသင်းသား အသင်းသူ ၈၀ အတွက် တစ်ဦး လျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၅၆ သိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

MSMEs ပြန်လည်မြှင့်တင်ရေးစိတ်ကူးများမှသည် . . .

မိုးကောနိုင်

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့်ကမ္ဘာကြီးတွင် လူသားများ၏ လိုအပ်ချက်ကလည်း ကြီးမားလာနေသည်။ ကိုဗစ်ကပ်နှင့် ကမ္ဘာ့ပဋိပက္ခဂယက်များက နိုင်ငံတိုင်းတွင် စီးပွားရေးပိုမိုခိုင်မာအားကောင်းရန် လိုအပ်ချက်များစွာ ရှိလာနေကြောင်းကို အချက်အလက်များက ပြသနေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေး(MSMEs) လုပ်ငန်းရှင်များခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများ လိုက်လံကြည့်ရှုစဉ်။(၄-၁၀-၂၀၂၂ ရက်နေ့)

နိုင်ငံအချို့တွင် စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုနှင့်အတူ စီးပွားရေးမူဝါဒအပြောင်းအလဲများ မဖြစ်မနေ ပြုလုပ်လာကြရသည်။ ကုန်ပစ္စည်းအမျိုးအမည်အပေါ် မူတည်၍ ထုတ်လုပ်နိုင်စွမ်း၊ ဝယ်လိုစွမ်းအားများ ပြောင်းလဲလာနေသည်။ ပြိုင်ဆိုင်မှုများ ပြင်းထန်နေချိန်၊ အကျပ်အတည်းကာလ ရောက်လာချိန်တွင် သမားရိုးကျစဉ်းစား၍မရ၊ တီထွင်ဆန်းသစ်မှုများ ပြုလုပ်ရမြဲဖြစ်သည်။ သို့မှသာ နိုင်ငံတကာစီးပွားရေးလောကထဲ ဝင်ဆံ့နိုင်မည်ဖြစ်သည်။ သို့မှသာ မိမိပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက်များစွာကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းသာယာမှုအတွက်လည်း အာမခံနိုင်မည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုပယောက်ရေး ဦးတည်ချက်များအောက်က MSMEs

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေသည် ပြည်ပတင်ပို့မှု၊ တင်သွင်းမှု မျှတမှုအပေါ်များစွာ တည်မီသည်။ တင်ပို့မှု၊ တင်သွင်းမှု ကွာဟချက် တစ်နည်း သွင်းကုန်ကပို့ကုန်ထက် များပြားလွန်းလျှင် တိုင်းပြည်စီးပွားရေးတွင် Trade deficit အနုတ်လက္ခဏာကိုသာ မြင်ရမည်။ ကျေးလက်ဒေသနေ တိုင်းပြည်၏ ထုတ်လုပ်မှုအင်အားစုက ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သစ်တောသယံဇာတပေါများကြွယ်ဝသော မိမိတို့မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပြည်ပပို့ကုန်ထက် ပြည်ပတင်သွင်းမှုပမာဏ များပြားနေခြင်းသည် လက်ခံနိုင်စရာတစ်ခုမဟုတ်တော့ပါ။ သို့သော် အရေးကြီးကိစ္စရပ်များစွာနှင့်အတူ ပြုပြင်ပြောင်းလဲမှုများဖြင့် ယခုလိုအခြေအနေများတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရေ့လုပ်ငန်းစဉ်များ၊ စီးပွားရေးဦးတည်ချက်များ၊ ဆက်စပ်စီးပွားရေးမူဝါဒများ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သည့် လက္ခဏာများစွာကို တွေ့မြင်လာရသည်မှာ အားတက်ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်း၏ လူမှုဘဝအများစုသည် ၉၉ ရာခိုင်နှုန်းခန့်သော အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်း အများစုအပေါ်တွင် ရပ်တည်နေရပြီး ၎င်းသည် နိုင်ငံ့စီးပွားရေးယန္တရားတွင် အဓိကမောင်းနှင်အားတစ်ခုလည်းဖြစ်နေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရေ့လုပ်ငန်းစဉ်များတွင် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားပြီး ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် စားရေရိက္ခာဖူလုံရန်နှင့် တိုင်းပြည် သာယာဝပြောရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို သတိထားမိသည်။

ထိုအချက်သည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုဦးတည်ချက်အောင်မြင်ရန် သွင်းကုန်အစားထိုးပြီး ပို့ကုန်ကဏ္ဍကို မြှင့်တင်သွားမည့် သန္ဓိဋ္ဌာန်တစ်ခု ချမှတ်ထားသည့်အပြင် ကိုယ့်ဒေသ၊ ကိုယ့်ထွက်ကုန် ကုန်ကြမ်းများကို ပို့ကုန်အခြေပြုကုန်ထုတ်လုပ်မှုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSME) များအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်သွားမည့် ဦးတည်ချက်များဖြစ်နေသည်ကိုလည်း တွေ့ရသည်။

MSMEs ဖွံ့ဖြိုးရေးရည်ရွယ်ချက်များကို ရေရှည်အာမခံချက်ရှိရန်နှင့် ကျွဲကူးရေပါဆိုသလို အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးနိုင်မည့် ဦးတည်ချက်များဖြစ်သည်။ ထို့အတွက် တိုင်းရင်းသားများပိုင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်အမြောက်အမြားကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ရန် ဦးတည်ချက်ကို တွေ့ရသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို လေ့လာပါက ပြည်သူတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြကျေးလက်ကွာဟမှု လျော့ပါးကာ ဆင်းရဲမှုပယောက်ရေးအတွက် MSME လုပ်ငန်းများအပေါ် များစွာအခြေပြုထားသည်ကို တွက်ဆနိုင်သည်။

ကျစ်လျစ်ဖွဲ့စည်း၊ တိုးချဲ့စုစည်းမှုများဖြင့် လက်တွေ့ကျကျ လုပ်ငန်းသစ်များ

လုပ်ငန်း အမျိုးအစားအလိုက်၊ အသေး၊ အငယ်၊ အလတ် အရွယ်အစား ပမာဏအလိုက် ဝန်ထမ်းအင်အား အနည်းဆုံး ၃၀ အောက် တစ်ပိုင်တစ်နိုင်မှ အများဆုံးအင်အား ၆၀၀ အထိ ပါဝင်လုပ်ကိုင်ကြသော MSMEs လုပ်ငန်းတွင် အမျိုးအစားခြောက်မျိုး၊ ကဏ္ဍအားဖြင့် လေးခုအထိ ခွဲခြားထားသည်။ ကုန်ထုတ်လုပ်မှု၊ လုပ်အားအခြေပြု ထုတ်လုပ်မှု၊ လက်ကားရောင်းဝယ်ရေး၊ လက်လီရောင်းဝယ်ရေး၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းများဟူ၍ အမျိုးအစားကွဲပြားသလို ကဏ္ဍအားဖြင့်လည်း ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် တခြားလုပ်ငန်းကဏ္ဍများအနက် နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အဓိကအခြေပြုသည့်ပုံစံကို လေ့လာမိသည်။

နိုင်ငံတော်အစိုးရသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးမှုမြန်ဆန်သွက်လက်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုမူဘောင်အောက်တွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါကော်မတီနှစ်ခုက ဦးဆောင်ပြီး မြန်မာနိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့များကို လိုအပ်ချက်အရ ထပ်မံဖွဲ့စည်းပြီး လက်တွေ့ကျကျအကောင်အထည်ဖော်လျက်ရှိသည်။ ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနအများစုပါဝင်သည်။ ညီနောင်အသင်းများဖြစ်သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကွန်ပျူတာအသင်းချုပ်၊ ဘဏ်များအသင်း၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းများမှ တာဝန်ရှိသူများကိုပါ ဖွဲ့စည်းပါဝင်နိုင်အောင် စီမံဆောင်ရွက်ထားသည်။ MSMEs development agency အနေဖြင့်မူ စျေးရောင်းပွဲတော်နှင့် ကုန်စည်ပြပွဲများကျင်းပပေးပြီး နိုင်ငံတော်အဆင့် ဆုများချီးမြှင့်ခြင်း၊ Business matching များကျင်းပခြင်း၊ MSMEs ဝန်ထမ်းများ အရည်အသွေးမြှင့်တင်မှု သင်တန်းများ ကျင်းပခြင်း၊ ငွေကြေးနှင့်သက်ဆိုင်သော အထောက်အကူများပေးခြင်း၊ MSMEs မှတ်ပုံတင်များ ပြုလုပ်ပေးခြင်း၊ အတိုင်ပင်ခံဝန်ဆောင်မှုများပေးခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ပေးရန် တာဝန်ယူရသည်။ ယင်းလုပ်ငန်းများအားလုံးသည် ယခုကာလတွင် ပီပီပြင်ပြင်ဆောင်ရွက်မည့် Agency ၏ အဓိကအထောက်အကူပြုလုပ်ငန်းများပင်ဖြစ်သည်။

လိုအပ်ချက်များ၊ အားနည်းချက်များ

MSME အခြေခံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဟူသည် နိုင်ငံ၏စက်မှုကဏ္ဍနှင့်လည်း ဘက်ညီရသည်။ စက်မှုလယ်ယာအဖြစ် ပီပီပြင်ပြင် အသွင်ပြောင်းနိုင်ခြင်းသည်ပင် MSME လုပ်ငန်းများကို တွန်းအားပေးရာရောက်သည်။ စက်မှုအခြေခံသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကသာ မိမိတို့၏လယ်ယာထုတ်ကုန်များကို တန်ဖိုးမြှင့်ရာရောက်မည်ဖြစ်ပြီး တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် စားရေရိက္ခာဘေးကင်းလုံခြုံရေးနှင့် ပြည်တွင်းဈေးကွက်ချဲ့ထွင်ရန် လိုအပ်ချက်များ၊ သွင်းကုန်အစားထိုး ပြည်ပပို့ကုန်အမည်စုံ တိုးမြှင့်တင်ပို့ရန် လိုအပ်ချက်များစွာကို ဖြည့်ဆည်းရာရောက်မည်ဖြစ်သည်။ ထို့ပြင် မိမိဒေသ ထွက်ကုန်များ အရည်အသွေးပြည့်မီရန်နှင့် ဈေးကွက်လိုအပ်ချက်များ ကိုက်ညီရန်အတွက် ထုတ်ကုန်ဒီဇိုင်းနှင့် ထုတ်လုပ်မှုအဆင့်ဆင့်တွင် Research and development သုတေသနပြုချက်များစွာ ပြုလုပ်ရန်လိုအပ်သည်။

အစဉ်ပြောင်းလဲနေသည့် Marketing analysis ဈေးကွက်ကိုလည်း သုတေသနပြုနေရမည် ဖြစ်သည်။ သုတေသန ရလဒ်များနှင့်အညီ ထုတ်ကုန်အမည်သစ်များကို ဆန်းသစ်တီထွင်ထုတ်လုပ်နေရမည်။ ဆန်းသစ်သော အရောင်းမြှင့်တင်ရေး အစီအစဉ်များကို စဉ်းစားထားရန် လိုအပ်မည်။ နည်းပညာသစ်များကို အစဉ်လေ့လာပြီး ထပ်မံတိုးချဲ့နေရန်လိုအပ်မည်ဟု ယူဆသည်။

စာမျက်နှာ ၇ သို့

❖ **MSME အခြေခံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဟူသည် နိုင်ငံ၏စက်မှုကဏ္ဍနှင့်လည်း ဘက်ညီရသည်။ စက်မှုလယ်ယာအဖြစ် ပီပီပြင်ပြင် အသွင်ပြောင်းနိုင်ခြင်းသည်ပင် MSME လုပ်ငန်းများကို တွန်းအားပေးရာရောက်သည်။ စက်မှုအခြေခံသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကသာ မိမိတို့၏ လယ်ယာထုတ်ကုန်များကို တန်ဖိုးမြှင့်ရာရောက်မည်ဖြစ်ပြီး တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် စားရေရိက္ခာဘေးကင်းလုံခြုံရေးနှင့် ပြည်တွင်းဈေးကွက်ချဲ့ထွင်ရန် လိုအပ်ချက်များ၊ သွင်းကုန်အစားထိုး ပြည်ပပို့ကုန်အမည်စုံ တိုးမြှင့်တင်ပို့ရန် လိုအပ်ချက်များစွာကို ဖြည့်ဆည်းရာရောက်မည်**

MSMEs ကုန်ပစ္စည်းများ ပြည်ပဈေးကွက်ယှဉ်ပြိုင်တင်ပို့နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်

နေပြည်တော် ဇူလိုင် ၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အသင်းအပ်နှံခြင်းနှင့် ရွေးချယ်ခံဗဟိုအလုပ်အမှုဆောင်များမှ လမ်းညွှန်မှုခံယူခြင်း အခမ်းအနားကို ဇူလိုင် ၄ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ Grand ASTER Villa ၌ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများနှင့် နေပြည်တော်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ မိတ်ဖက်အသင်းများမှဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ နေပြည်တော်မြို့မိမြို့ဖများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် စီးပွားရေးကဏ္ဍ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းဝန်းကျင် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း၊ MSMEs ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ စွမ်းအင်၊ အရင်းအနှီးနှင့် လူစွမ်းအားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုတွင် လိုအပ်သည့် ကုန်ကြမ်းများကို ပြည်ပနိုင်ငံမှ တင်သွင်းခြင်းထက် မိမိနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ MSMEs ကုန်ပစ္စည်းများ ပြည်ပဈေးကွက် ယှဉ်ပြိုင်တင်ပို့နိုင်ရန် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေးအတွက် စွမ်းအင်ကဏ္ဍနှင့် အခြားလိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်ပြီး ထုပ်ပိုးမှုများကိုလည်း အရည်အသွေးကောင်းမွန်သည့် ထုပ်ပိုးမှုစနစ်ဖြင့် ပြည်တွင်း ပြည်ပ ဈေးကွက်တို့သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ပြည်တွင်းဈေးကွက်ရရှိရေးနှင့် ပြည်ပဈေးကွက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဈေးနှုန်းခိုင်မာစေရေး၊ ဈေးနှုန်းတည်ငြိမ်စေရေးတို့ကို ဦးတည်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်း၏ ရှေ့ဆက်လက် တာဝန်ယူသွားကြမည့် ရွေးချယ်ခံဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များက နိုင်ငံတော်၏ စီးပွားရေး

ဖွံ့ဖြိုးတိုးတက်မှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် MSME Association ဥက္ကဋ္ဌ ဦးကျော်စွာဝင်းက မိတ်ဆက်စကားပြောကြားပြီး MSME Association အား နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ အပ်နှံသည်။

ယင်းနောက် MSME Association အထွေထွေအတွင်းရေးမှူး ဦးတင်မောင်ဦးက လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ်တင်ပြသည်။ ထို့နောက် MSME Association ဂုဏ်ထူးဆောင်နာယကအဖြစ် လက်ခံပေးနိုင်ပါရန် ဂါရဝပြုတင်ပြခြင်း၊ MSME Association နာယကအဖြစ် ချီးမြှောက်လက်ခံရန် တင်ပြခြင်းများ ဆောင်ရွက်ပြီး MSME Association အထွေထွေအတွင်းရေးမှူး ဦးတင်မောင်ဦးက MSME Association ရွေးချယ်တင်မြှောက်ပွဲကို ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော Main Sponsor များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက ခင်းကျင်းပြသသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ပြန်/ဆက်)

စာမျက်နှာ ၆ မှ

ဈေးကွက်၊ နည်းပညာနှင့် ငွေကြေး အရင်းအနှီးဟူသည် မည်သည့်စီးပွားရေးလုပ်ငန်းတွင်မဆို ရေရှည်အောင်မြင်မှု၏ မဏ္ဍိုင်သုံးရပ်အဖြစ် တင်စားကြသည်။ လုပ်ငန်းနယ်ပယ်၊ လုပ်ငန်းအမျိုးအစား အလိုက် လူသားစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် ပို၍အခရာကျလှသည်။ အမှန်တကယ် တတ်မြောက်သည့် အရည်အချင်းရှိ လုပ်သားဝန်ထမ်းများ ဖြစ်လာရန်နှင့် စဉ်ဆက်မပြတ်လေ့ကျင့် ပျိုးထောင်ပေးရန်အတွက် လက်တွေ့ လုပ်ငန်းခွင်နှင့် ကိုက်ညီမည့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကိုပါ လိုက်ပါဆောင်ရွက်ပေးနေရမည်။ သို့မှသာ လုပ်သားများ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းများ တိုးတက်လာမည်ဖြစ်သည်။

ထို့ပြင် MSME ကဏ္ဍ အောင်မြင်မှုတွင် အရေးကြီးဆုံးအခြေခံအဆောက်အအုံဖြစ်သည့် လောင်စာစွမ်းအင်ကဏ္ဍနှင့်အတူ ကြီးမြင့်လာသည့် သယ်ယူပို့ဆောင်မှုစရိတ်ကလည်း လွှမ်းမိုးသော အရာတစ်ခုဖြစ်နေသည်။ ရလဒ်အနေဖြင့် ထုတ်လုပ်မှုစရိတ် ကြီးမြင့်ခြင်းနှင့် ဈေးကွက်ဝေစုလျော့နည်းခြင်းက ခေတ်အဆက်ဆက် စိန်ခေါ်မှုကြီးတစ်ခုအဖြစ် ရပ်တည်မြဲဖြစ်သည်။

ယခုကာလ ပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်လာမည့်အခြေအနေများ

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူရသည့်ကာလတွင်မူ အထက်ပါလိုအပ်ချက်၊ အားနည်းချက်များကို ဆန်းစစ်လေ့လာ၍ MSMEs များ၏ တိုးတက်မှုဆီ ရေးရှုသည့် ပြုပြင်ပြောင်းလဲမှု အတော်များများရှိလာနေပြီဟု ယူဆမိသည်။ လုပ်ငန်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် အဖွဲ့သုံးခု ထပ်မံဖွဲ့စည်းထားရှိခြင်းဖြင့် လုပ်ငန်းများ ပို၍ထိရောက်အောင်မြင်လာမည်ဟု သုံးသပ်သည်။ အေဂျင်စီက တာဝန်ယူမည့်လုပ်ငန်းများ အနက် Business matching ကြောင့် နှစ်ဦးနှစ်ဖက်ကုမ္ဍဏီများ၊ လုပ်ငန်းရှင်များ၊ လက်လီလက်ကားရောင်းချသူများ အနေဖြင့် ထူထောင်ထားရှိသော ဆက်သွယ်ရေး လမ်းကြောင်းများမှ တစ်ဆင့် အကျိုးရှိစေမည့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သတင်းအချက်အလက်ကွန်ရက်များ ရှိလာခြင်း၊ လွတ်လပ်စွာ မေးမြန်းဖြေကြားခြင်းများကို အလွယ်တကူ ပြုလုပ်လာနိုင်တော့မည်ဖြစ်သည်။

ကိုဗစ်ကပ်ဘေးကြောင့် ကျဆင်းနေသည့်စီးပွားရေး ပြန်လည်နာလန်ထူမြှင့်တင်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကနိုင်ငံစီးပွားမြှင့်တင်ရေးသီးသန့်ရန်ပုံငွေကျပ် ဘီလီယံ ၄၀၀ ကို ထူထောင်ပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြစ်မိုးရောင်စီမံကိန်း ဆောင်ရွက်သည့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများထံ လိုအပ်ချက်အလိုက် ပြန်လည်ခွဲဝေလွှဲအပ်ပေးနိုင်ခဲ့သည်။

MSMEs ဖွံ့ဖြိုးရေးရန်ပုံငွေကိုလည်း နိုင်ငံတော်က ထောက်ပံ့ပေးသော ငွေကျပ် ဘီလီယံ ၁၇၀ ဖြင့် ထူထောင်ပြီး ဖြစ်သည်။ ယင်းရန်ပုံငွေမှာ လုပ်ငန်းရှင်များအား ချေးငွေချေးပေးရုံသက်သက်မဟုတ်ဘဲ နည်းပညာကဏ္ဍဆိုင်ရာ အခြေပြု သက်မွေးပညာကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ MSMEs စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်း၊ ထုတ်ကုန်ပြပွဲပြိုင်ပွဲများနှင့် အသိပညာပေးစကားဝိုင်းများ ကျင်းပရာတွင် သင့်လျော်သလို ထုတ်ယူသုံးစွဲသွားရန် ဖြစ်သည်။ ထို့ပြင် တက္ကသိုလ်များတွင် MSMEs ဘာသာရပ်များ ထည့်သွင်းသင်ကြားရန် စီစဉ်နေပြီဟုလည်း သိရသည်။

တွေ့ဆုံဖြေလျှော့မှုများမှသည်

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စ၍တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ MSMEs လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်များ ရှိခဲ့သည်။ တွေ့ဆုံမှုတိုင်းတွင် လုပ်ငန်းရှင်များ စိတ်ဝင်စားသည်ကတိုင်းပြည်စီးပွားရေးကို မည်ကဲ့သို့မြှင့်တင်ကြမလဲ၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များများ တင်ပို့နိုင်ရန်အတွက် လိုအပ်သည့်ချေးငွေကဏ္ဍ ထိရောက်ရန်အရေးများက အဓိကဖြစ်ခဲ့ပြီး လုပ်ငန်းရှင်များ တင်ပြသောအချက်များကိုလည်း တစ်ဆင့်ချင်းအကောင်အထည်ဖော်ရန် အပြန်အလှန်ဖြေလျှော့မှုများ ရှိခဲ့ကြသည်။

ကိုဗစ်ကာလကတည်းက ချေးထားသည့်ချေးငွေများ ပြန်ဆပ်ကာလ သက်တမ်းတိုးပေးရန်၊ အတိုးနှုန်းလျှော့ချပေးရန်၊ လမ်းခရီးတွင် တရားမဝင်ပေးဆောင်ရသော ငွေကြေးကောက်ခံမှုများအပါအဝင် အခွန်လျှော့ချပေးရန် တောင်းဆိုမှုများအပေါ် လိုက်လျောကတိပေးမှုများ ရှိခဲ့ကြောင်းလည်း ကြားသိရသည်။ သတ်မှတ်ကာလအတွင်း ချေးငွေများပြန်ဆပ်ရန်အရေးမှာ လုပ်ငန်းရှင်များဘက်က တာဝန်ယူမှုများအပေါ် လိုအပ်ချက်များကိုလည်း ထောက်ပြခဲ့ကြသည်။ အရေးကြီးဆုံး လိုအပ်ချက်များတွင် လျှပ်စစ်ကဏ္ဍ လိုအပ်ချက်က အဓိကဖြစ်ပြီး ရေအား လျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းမှ ဖြည့်ဆည်းရန် ကြိုးပမ်းဆောင်ရွက်နေကြောင်းလည်း သိရသည်။

MSME တွင် နည်းပညာပိုင်း ပံ့ပိုးပေးရန်နှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် e- ID မှ e- government စနစ်ဆီကြိုးစားလျှောက်လှမ်းနေသည်မှာ လက်တွေ့ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်ရသည့် အပိုင်းများတွင် ဈေးကွက်သုတေသန၊ ထုတ်လုပ်မှု၊ ဒေသအလိုက် စံချိန်စံညွှန်းသတ်မှတ်နိုင်မှု၊ ဆွဲဆောင်မှုအားကောင်းကောင်းဖြင့် ဈေးကွက်ကိုမြှင့်တင်ပြီး ကျယ်ပြန့်သော ဒေသများအထိ ဈေးကွက်ရှာဖွေမှု၊ ကုန်သွယ်ငွေလွှဲအပိုင်းများတွင် e- government စနစ်ထဲ အလိုအလျောက် ပါဝင်သွားမည်ဆိုသော သတင်းစကားများလည်း ကြားသိနေရသည်။ အွန်လိုင်းမှတ်ပုံတင်စနစ်ပီပြင်လာလျှင် ငွေကြေးအရင်းအနှီးထောက်ပံ့ခြင်း၊ အခွန်သက်သာခွင့်များ ဆောင်ရွက်ခြင်းများတွင် ထိရောက်သောရယူခံစားခွင့် အခွင့်အလမ်းများ အလွယ်တကူရရှိလာတော့မည်ဟု ယူဆရသည်။ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းစေမည့် ဆက်သွယ်ရေးစနစ်များ၊ သယ်ယူပို့ဆောင်ရေးနည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်နေကြောင်း သိရပြန်သည်။

မည်သို့ပင်ဆိုစေ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ချက်ဟူသမျှ အခက်အခဲမျိုးစုံကြားမှ ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်သည်ကို သိရှိနားလည်ကြသည်။ အနည်းဆုံးသော သွင်းအားစုနှင့်အတူ အကောင်းဆုံးဖြစ်ရမည်ဟူသော efficiency သဘောတရားအပေါ်အခြေခံသည့် ထိုက်သင့်သောတိုးတက်မှုများ ရရှိလာနေကြောင်းလည်း သုံးသပ်မှုများ ရှိနေသည်။ ခိုင်မာသောမူဝါဒများနှင့်အတူ အမှန်တကယ် အရည်အသွေးမီ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်ပသွင်းကုန်များ လျှော့ချအစားထိုးနိုင်မည်မှာ သေချာသည့်အပြင် ပြည်ပသို့လည်း ယခုထက် ပိုမိုတင်ပို့လာနိုင်တော့မည်ဖြစ်သည်။

ဖွံ့ဖြိုးမှု စိတ်ကူးစိတ်သန်းဟူသည် အမှန်တကယ်လက်တွေ့ဘဝများတွင် လက်တွေ့ကျကျ အသုံးချနိုင်မှသာ စဉ်ဆက်မပြတ်တိုးတက်မှုကို ရရှိမည်ဖြစ်သည်။ အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်များကို စွမ်းဆောင်မြင့်မားယှဉ်ပြိုင်အားဖြင့် တိုးတက်ထုတ်လုပ်နိုင်ရန်က ပို၍အဓိကကျသည်။ ယခုအခြေအနေကို လေ့လာပါက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးကို အဓိကအားပေးအားမြှောက်ပြုနေသည်မှာ ထင်ရှားသည်။ ဤသည်ကိုပင် အခွင့်အလမ်းအဖြစ်မှတ်ယူ၍ ပြည်ပအကူအညီ အထောက်အပံ့အပေါ် အလွန်အမင်းမှီခိုခဲ့မှုများကို ပြန်လည်လျှော့ချရပေမည်။ ရရှိပြီး၊ ရရှိဆဲသင်ခန်းစာနှင့် အတွေ့အကြုံကောင်းများကိုရယူကာ ပြည်တွင်းအားဖြင့် ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၇)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၄

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEAN Supreme Audit Institutions: ASEANSAI)၏ (၇)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (7th Senior Officials' Meeting) ကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ Virtual စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ASEANSAI အဖွဲ့ဝင် ၁၀ နိုင်ငံ၏ အထင်ကရနေရာများ ပါဝင်သည့် ဗီဒီယိုနှင့် ASEANSAI သီချင်းတို့ကို ပြသ၍ အစည်းအဝေးကို ဖွင့်လှစ်ပြီး ASEANSAI အတွင်းရေးမှူးချုပ် Mr. Bahtiar Arif က နူတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးသို့ ASEANSAI အတွင်းရေးမှူးချုပ်ရုံးနှင့် ASEANSAI အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများခေါင်းဆောင်သော ကိုယ်စားလှယ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ASEANSAI ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက Video Message ဖြင့် အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ကမ္ဘာနှင့်အဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ASEANSAI အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများကို Virtual စနစ်ဖြင့် ဆောင်ရွက်ခဲ့ရပြီး လုပ်ငန်းဆောင်ရွက်မှုအချို့တွင် နှောင့်နှေးခြင်းများရှိခဲ့သော်

လည်း အဖွဲ့ဝင်နိုင်ငံအားလုံး အကောင်းဆုံးဝိုင်းဝန်းကြိုးစား ဖြေရှင်းဆောင်ရွက်ခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သည့် ကာလအတွင်း ASEANSAI အနေဖြင့် အာဆီယံနိုင်ငံများအတွင်း SAI လွတ်လပ်မှုဆိုင်ရာ ပူးပေါင်းသုတေသန ဆောင်ရွက်မှုအတွက် အသိပညာအလုပ်ရုံဆွေးနွေးပွဲ၊ စာရင်းစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများ၊ (၅) ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးနှင့် အသိပညာမျှဝေရေး ကော်မတီ အစည်းအဝေးများ ကျင်းပဆောင်ရွက်နိုင်ခဲ့မှုများသည် အဖွဲ့ဝင်နိုင်ငံများနှင့် လုပ်ငန်းကော်မတီ အသီးသီးတို့၏ ကြိုးပမ်းအားထုတ်မှု ရလဒ်များပင်ဖြစ်ပါကြောင်း၊ SAI Myanmar အနေဖြင့် ASEANSAI ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် မိသားစုဝင်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှု အသီးအပွင့်များကိုလည်း အတူတကွ ရရှိခံစားခဲ့ရပါကြောင်း၊ ရှေ့ကာလများတွင်လည်း ထိရောက်အောင်မြင်သည့် ASEANSAI အဖွဲ့အစည်း တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ရေး အဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ASEANSAI စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြင်ဆင်ရန်အချက်များ၊ ကော်မတီအသီးသီး၏ ၂၀၂၄ – ၂၀၂၅ လုပ်ငန်းအစီအစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းဆိုင်ရာများ၊ ASEANSAI နှင့် ဆွီဒင်နိုင်ငံ စာရင်းစစ်ချုပ်ရုံးတို့ လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာ (မူကြမ်း) တို့ကို ASEANSAI အတွင်းရေးမှူးချုပ်နှင့် ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြပြီး အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၇)ကြိမ်မြောက် အဆင့်မြင့် အရာရှိကြီးများအစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ASEANSAI အတွင်းရေးမှူးချုပ် သက်တမ်းတိုးခန့်အပ်ခြင်း၊ (၇) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကျင်းပမည့် အစီအစဉ်(မူကြမ်း) နှင့် ၂၀၂၄ ခုနှစ်၊ ၂၀၂၅ ခုနှစ်များအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ ခန့်အပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် ASEANSAI ဥက္ကဋ္ဌတာဝန်လွှဲပြောင်းနိုင်ရေးအတွက် ကျင်းပသည့် အကြိုအစည်းအဝေး ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၇)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးများကို ဇူလိုင် ၃ ရက်ကလည်း Virtual စနစ်ဖြင့် ကျင်းပခဲ့ကြောင်းနှင့် အစည်းအဝေးသို့ ASEANSAI အတွင်းရေးမှူးချုပ်ရုံးနှင့် ASEANSAI အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများ ခေါင်းဆောင်သော ကိုယ်စားလှယ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းစဉ်

နိုင်ငံ့အကျိုးပြုစေရေး အရည်အသွေးပြည့်မီသော သက်မွေးပညာရှင်များ မွေးထုတ်ပေး

နေပြည်တော် ဇူလိုင် ၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဧေယျသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဂျပန် – မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း ကွပ်ကဲမှု အောက်ရှိ ရတနာဂဟေဆက် နည်းပညာ သင်တန်းကျောင်းကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းတာဝန်ခံက ကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကွန်ပျူတာ အခြေပြု Welding Simulator များ အသုံးပြု၍ လေ့ကျင့်သင်ကြားပေးနေမှုများ၊ အလုပ်ရုံများတွင် Arc Welding Training Course၊ Gas Metal Arc Welding Training Course နှင့် Pipe Welding Training Course များကို လေ့ကျင့်သင်ကြားပေးနေမှုများနှင့် အခြားလက်တွေ့ သင်ကြားပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီပွားရေးလုပ်ငန်း (MSME) များဆိုင်ရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားရန်၊ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် လူတစ်ဦးချင်းဝင်ငွေ မြင့်မားရေးအတွက် အခရာကျသည့် သက်မွေးပညာရပ်ဖြစ်သဖြင့် လုပ်ငန်းခွင်နှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းဖြစ်ရန်နှင့် သတ်မှတ်စံနှုန်းများအတိုင်း ကျွမ်းကျင်မှု စစ်ဆေးခြင်းများကို တိတိကျကျ လိုက်နာဆောင်ရွက်သွားရန်၊ အရည်အသွေး တိုးမြှင့်ခြင်းဆိုင်ရာ သင်တန်းများကို ပုံမှန်ဖွင့်လှစ်ဆောင်ရွက်သွားရန်၊ သင်တန်းဆင်းများကို NSSA (National Skill Standard Authority) လက်မှတ်ရရှိရေးနှင့် On The Job Training တက်ရောက်ရေး ဆောင်ရွက်ပေးသွားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် မလိုလားအပ်သော ထိခိုက်မှုများ မဖြစ်ပေါ်စေရေး သတ်မှတ် Guidelines များအတိုင်း အစဉ်တစိုက် ဆောင်ရွက်သွားရန်နှင့် အလုပ်ရုံများနှင့် သင်ထောက်ကူပစ္စည်းများကို ထပ်မံဖြည့်ဆည်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥ စသည့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ၄ ဒသမ ၁၀၆ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော် (လေ) မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၆၁ ဒသမ ၃ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၅၄၂ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

● *ကျောဖုံးမှ*

တိုက်စစ်ကစားသမား ရက်ဖို့ဒ်သည် ပြီးခဲ့သည့်ရာသီတွင် ခြေစွမ်းပြသထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၅၆ ပွဲ ပါဝင်ကစားထားကာ ဂိုး ၃၀ အထိ သွင်းယူထားသည်။ ရက်ဖို့ဒ်၏ အဆိုပါသွင်းဂိုးအရေအတွက်သည် ကစားသမား ဘဝတစ်လျှောက် တစ်ရာသီအတွင်း ဂိုးအများဆုံး သွင်းယူထားနိုင်သည့် ပမာဏလည်းဖြစ်သည်။

မန်ယူနည်းပြ တန်ဟက်သည် ရာသီအကြိုခြေစမ်းပွဲစဉ်များအတွင်း အသင်းသို့ တိုက်စစ်ကစားသမားအသစ်တစ်ဦးကို ခေါ်ယူရန် ဆန္ဒရှိနေသည့်အတွက် အသင်းအနေဖြင့် ၎င်းတို့၏ အဓိကဦးစားပေး ခေါ်ယူမည့် အတ္တလန္တာအသင်းမှ ရပ်မက်စ်ဟိုးလန်းနှင့် ဖရန့်ဖတ်အသင်းမှ ရန်နယ် ကိုလိုမူအာနီတို့နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

မန်ယူအသင်းသည် အပြောင်းအရွှေ့အသုံးစရိတ်အရ ထိပ်တန်းတိုက်စစ်ကစားသမားကို ခေါ်ယူသွားနိုင်မည် မဟုတ်ကြောင်းနှင့်ပြီးခဲ့သည့်ရာသီက အီတလီစီးရီးအေတွင် ခြေစွမ်းပြသထားနိုင်သည့် အတ္တလန္တာတိုက်စစ်ကစားသမား ဟိုးလန်းကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

အောင်ဧော်

ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲကျင်းပ

မန္တလေး ဇူလိုင် ၄ – ဂျပန်နိုင်ငံ ဂျပန်ဖောင်ဒေးရှင်းမှ ကြီးမှူးပြီး ဂျပန်သံရုံးနှင့် ဂျပန်ပြန် မြန်မာပညာသင် ဟောင်းများအသင်း Myanmar Association of Japan Alumini(MAJA)တို့ပူးတွဲ၍ ဂျပန်ဘာသာအရည်အချင်းစစ်(JLPT) စာမေးပွဲကို ဇူလိုင် ၂ ရက်က ကျင်းပရာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာစစ်ဌာနတွင် N–4 Level မှ စာဖြေသူဦးရေ ၁၈၉၄ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။

ထိုစာမေးပွဲသည် ကမ္ဘာတစ်ဝန်း တစ်ပြိုင်တည်းကျင်းပသော စာမေးပွဲကြီးဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ကြိုတင်ပြင်ဆင်ထားရှိမှုများ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပမည့် ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်ပြင်ဆင်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)

ထို့သို့ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ကြည်နှင့် တာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အာဇာနည်ဗိမာန်သို့ သွားရာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဘေးဝဲယာ သန့်ရှင်းသပ်ရပ်မှုရှိရေး ဆောင်ရွက်ရန် မှာကြားကာ ဗိမာန်တွင် လွမ်းသူပန်းခွေချအလေးပြုအခမ်းအနားနှင့် နေရာယူမှုပုံစံ ကြိုတင်လေ့ကျင့်နေမှု၊ အာဇာနည်ပုဂ္ဂိုလ်ကြီးများကို လာရောက်ဂါဝရပြုမည့်ပြည်သူများ ဝင်ထွက်သွားလာမည့် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်နှင့် M-3 ရှေ့ဂိတ်တွင် ကိုဗစ်စည်းကမ်းနှင့်အညီ သုံးပေခြားရှိ လက်ဆေးဘေစင်များနှင့် စစ်ဆေးရေးဂိတ်များ ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးပြီး အာဇာနည်ဗိမာန်ပေါ်နှင့် အာဇာနည်ကုန်းအတွင်းရှိ ပတ်ဝန်းကျင်သန့်ရှင်း သပ်ရပ်မှုရှိရေး တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ဗိုလ်ချုပ်နောက်ဆုံးစီးခဲ့သည့် မော်တော်ကား ပြသထားရှိမှု၊ ပြတိုက်ပတ်လမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိရေး ဆောင်ရွက်ထားရှိမှုများ၊ ရေကန်အတွင်းမှ အမှိုက်များ ဆယ်ယူရှင်းလင်းထားရှိမှု၊ အပေါ်ထပ်ပြတိုက်အတွင်း ငယ်ဘဝမှ တပ်မတော်ခေါင်းဆောင်၊ နိုင်ငံခေါင်းဆောင်ဘဝ အထိ ပြသထားရှိမှု၊ ဆက်လက်၍ အပေါ်ထပ်ရှိအိပ်ခန်း၊ စာဖတ်ခန်း၊ မိသားစုဓာတ်ပုံများ၊ ကလေးများအိပ်ခန်းနှင့် ပြတိုက်အတွင်း ပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

ကယားပြည်နယ်ဝန်ကြီးချုပ် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူနေမှု ကြည့်ရှုအားပေး

လွိုင်ကော် ဇူလိုင် ၄

ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူဆောင်ရွက် ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် တတိယအကြိမ် နှစ်ပတ်လည် အစီရင်ခံစာကို သြဂုတ်လအတွင်း ပုံနှိပ်ထုတ်ဝေနိုင်ရေး ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံ စာရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများကို ပစ်ပယ်မထားဘဲတာဝန်ရှိသည်ဟု ခံယူ၍ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေသည့် အချက်အလက်များကို ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများပါ သိရှိစေရန် ရည်ရွယ်၍ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာကို ထုတ်ဝေလျက်ရှိပါကြောင်း၊ ပထမအကြိမ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ဒုတိယနှစ်ပတ်လည် အစီရင်ခံစာတို့ကို (မြန်မာ + အင်္ဂလိပ်) နှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ဝေခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် တတိယအကြိမ် နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြပေးရန်နှင့် ပြည့်ပြည့်စုံစုံဖြင့် အရည်အသွေးကောင်းမွန်သည့် အစီရင်ခံစာ အဖြစ် ထုတ်ဝေနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ ညွှန်ကြားရေးမှူး ဦးစည်သူဝင်းက တတိယအကြိမ် နှစ်ပတ်လည် အစီရင်ခံစာ စာအုပ်ထုတ်ဝေနိုင်ရေးအတွက် မူကြမ်းပြုစုဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြမည့် ဥယျောဇဉ်နှင့် အမှာစကား(မူကြမ်း)တို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှစ်ပတ်လည် အစီရင်ခံစာရေးသားရေးအဖွဲ့၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၄

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာရေးသားရေးအဖွဲ့၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး နှင့် အစီရင်ခံစာ ရေးသားရေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)နှင့် ပေါင်းစည်း လူမှုဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများကို ပစ်ပယ်မထားဘဲတာဝန်ရှိသည်ဟု ခံယူ၍ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေသည့် အချက်အလက်များကို ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများပါ သိရှိစေရန် ရည်ရွယ်၍ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာကို ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် တတိယအကြိမ် နှစ်ပတ်လည် အစီရင်ခံစာကို ပြန်လည်ပြင်ဆင်ခြင်း ကိစ္စရပ်များ ဆောင်ရွက်ကြောင်း ပြောကြားပြီး ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော် လယ်ဝေးမြို့နယ်တွင် နွေစပါး စံကွက်ရိတ်သိမ်း၊ တစ်ဧကလျှင် စပါးအစိုး ၁၆၂ ဒသမ ၅ တင်းနှုန်းထွက်ရှိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ စိုက်ကွင်း ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်နေကြရာတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မည်ဆိုပါက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မှသာ ပြည်တွင်းစားရေရိက္ခာ ပေါများလာမည့် အပြင် ပိုလျှံစွာ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပပို့ကုန်များ ရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသည့် ပြည်ပဝင်ငွေများ ရရှိမည် ဖြစ်ပါကြောင်း၊ ကျေးလက်နေတောင်သူများ လူမှုဘဝမြင့်မားရေး၊ စီးပွားရေးကောင်းမွန်ရေးတို့အတွက် ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က ပန်းတိုင်အထွက်နှုန်းများ ရရှိစေရန် (မျိုး၊ မြေ၊ ရေ၊ နည်း) ဟူသည့် နည်းလမ်း (၄) ရပ်နှင့် စိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေစပါးစံကွက် ရိတ်သိမ်းခြင်း၊ စပါးခြင်တွယ်ခြင်းများကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ယနေ့ သစ်ဆိမ့်ပင်ကျေးရွာအုပ်စု အဆင့်မြင့် လယ်ယာမြေဧက ၂၀၀ စိုက်ကွင်းအတွင်း စိုက်ပျိုးထားသည့် နှံကောက်ထွန်းစပါးမျိုးကို ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးအစိုး ၁၆၂ ဒသမ ၅ တင်းနှုန်းထွက်ရှိပြီး အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၂- ၂၀၂၃ ခုနှစ်တွင် နွေစပါး စီမံကိန်းလျာထား ဧက ၁၉၀၂၃ ဧက လျာထားပြီး ဧက ၂၇၃၈၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ တင်ထွဋ်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအနီးရှိ V4 လမ်းအောက်မှ ရေထွက်ပေါက်များအား ကြည့်ရှုစစ်ဆေးပြီး ရေထွက်ပေါက်များ ပိတ်ဆို့မှုမရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး တာဝန်ရှိသူများအား မှာကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထွန်းထွန်းဝင်း (ပြန်/ဆက်)

ဧယျာသီရိမြို့နယ်၌ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးရေး နည်းပညာဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၄

မွေးမြူရေးသုတေသနဦးစီးဌာနမှ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဆိုင်ရာ သုတေသန ဖွံ့ဖြိုးရေး (ရေချို/ရေငန်- ဖမ်းဆီး/မွေးမြူထုတ် လုပ်ရေး)သင်တန်း (၂/၂၀၂၃)ကို ဇူလိုင် ၃ ရက်က နေပြည်တော် ဧယျာသီရိမြို့နယ် ရေဆင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ငါးမွေးမြူရေးလုပ်ငန်းများကို တိုးတက်စေရေး ဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းသည် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ငါးထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်အတွက် စားနပ်ရိက္ခာဖူလုံမှု၊ နိုင်ငံခြားဝင်ငွေရရှိမှု၊ ပြည်သူလူထုအတွက် အာဟာရပြည့်ဝမှုများကို တစ်ပါတည်းရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်းက ယခုသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ မွေးမြူရေးသုတေသနဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

ထွန်းလင်း(ဧယျာမြေ)

မူဆယ်မြို့တွင် ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူ

မူဆယ် ဇူလိုင် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူခြင်းများကို ယနေ့ နံနက် ၁၀ နာရီက ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ အချက်အလက်များ ကောက်ယူ စစ်ဆေးရာတွင် မူဆယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က ကြီးမှူး ဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ကိုယ်ရေးအချက်အလက်များဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ အဘအမည်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ သွေးအုပ်စု၊ အမြဲကိုင်ဆောင်ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာတို့ကို ပြန်လည် စိစစ်ထည့်သွင်းခဲ့ပြီး ဇီဝဆိုင်ရာ အချက်အလက်များ ဖြစ်သော လက်ဗွေရာ၊ မျက်လုံးနှင့် မျက်နှာအနေအထားတို့ကို ခေတ်မီနည်းစနစ်များဖြင့် စိစစ်ကောက်ယူ ဆောင်ရွက်ကြသည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က e-ID စနစ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ မူဆယ်မြို့နယ်အတွင်း ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူမည့် ဦးတည်အုပ်စုအလိုက် ခန့်မှန်းအင်အားများ၊ အချက်အလက်များ ကောက်ယူမည့် နေရာနှင့် နေ့အလိုက် လျာထားချက်များအပြင် လက်ရှိကောက်ယူ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို တာဝန်ရှိသူများအား ရှင်းလင်း ပြောကြားသည်။

ထို့နောက်ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင်များ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူ ဆောင်ရွက်နေမှုများကို မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းတို့က လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ၎င်းတို့ကိုယ်တိုင် ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက်များကို ဝင်ရောက်ဖြည့်စွက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မူဆယ်ခရိုင်အနေဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူ ဆောင်ရွက်ရာတွင် ဇူလိုင် ၂ ရက်က နမ့်ခမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ နမ့်ခမ်း မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ စုစုပေါင်း ၁၀၄ ဦး၊ ဇူလိုင် ၃ ရက်တွင်လည်း ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ BP စာအုပ်ထုတ်ပေးရေးရုံးမှ ဝန်ထမ်းများ၊ မူဆယ်မြို့ လဝကဒုတိယဌာနခွဲမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်း ၇၈ ဦး ကောက်ယူ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**

ဝေါမြို့နယ်၌ တောင်သူများအား ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးပွဲ ကျင်းပ

ဝေါ ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၀) စက်မှုလယ်ယာစခန်းမှ တောင်သူလယ်သမားများအား စပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေး ကြဲခင်းစနစ်မှ ကောက်စိုက်စက်ဖြင့် တိုက်ရိုက်စိုက်ပျိုးနိုင်ရန် လက်တွေ့သရုပ်ပြစိုက်ပျိုးပွဲ ကို ယနေ့ နံနက် ၁၀ နာရီက ကျိုက်လှကျေးရွာအတွင်းရှိ ရန်ကုန်-မော်လမြိုင် အမြန်လမ်းမဘေး ကွင်းအမှတ် ၆၈၇ (ခ) တောင်သူ ဒေါ်ရီစိန်၏ လယ်မြေ၌ ကျင်းပသည်။

ရေးဦးစွာ ပဲခူးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းအကြောင်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၀) စက်မှုလယ်ယာစခန်းမှ ဝန်ထမ်းများက စပါးမျိုးပင်ချကိရိယာ ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးပြသရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းချစ်ထွန်းနှင့် ဝန်ထမ်းများ၊ ကျိုက်လှကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်လေ့လာကြကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမှန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမှန်းစကားပင်ဖြစ်သည်။

အမှန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမှန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမှန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီ၊ ဦးသန်းဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အကျိုးရှိရှိအသုံးပြုရန်လို

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက သင်တန်း တက်ရောက်ခဲ့သူများ အနေဖြင့် သင်ကြားပေးလိုက်သော ပညာရပ်များကို မိမိတို့လုပ်ငန်းခွင်ရှိ နည်းပညာအခြေပြု လုပ်ငန်းများတွင် အကျိုးရှိရှိ ပေါင်းစပ် အသုံးပြုသွားရန်လိုကြောင်း၊ ထို့ပြင်နည်းပညာအခြေပြု ရုံးလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် တိကျလျင်မြန်မှုနှင့် သတင်းအချက်အလက် လုံခြုံမှုရှိရန် အလေးထားဆောင်ရွက်သွားကြရန်နှင့် ထိရောက်မြန်ဆန်သော ပြည်သူ့ ဝန်ဆောင်မှုများပေးရန် အတွက် အဖွဲ့၏ e – Government အကောင်အထည်ဖော်ရေး လုပ်ငန်းများတွင် ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် သင်တန်းသားသင်တန်းသူများ၏လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေး၍ သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် ICT လုပ်ငန်းဆိုင်ရာ ဗဟုသုတများ၊ ERICSS စီမံကိန်းဆိုင်ရာ အကြောင်းများ၊ Window Installation ၊ Microsoft Office Word ၊ Microsoft Office Excel ၊ Microsoft Office Power Point ၊ Network Security နှင့် Adobe Photoshop CS3 စသည်တို့ကို သင်ကြား ပို့ချပေးခဲ့ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် ICT နည်းပညာကို ပိုမိုသိရှိနားလည်ပြီး အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်သွားနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်ထုတ်ဝေ

နေပြည်တော် ဇူလိုင် ၄

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ခဲ့သော အမိန့်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နှစ်စဉ် ထုတ်ပြန်လျက်ရှိသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို စုစည်း၍ နှစ်အလိုက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ စာအုပ်ကို ထုတ်ဝေခဲ့ရာ ယခုအခါ ၂၀၂၂ခုနှစ် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များကို စုစည်း၍

စာအုပ်ထုတ်ဝေပြီးဖြစ်သည်။

"၂၀၂၂ ခုနှစ် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ" စာအုပ်သည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့သော အမိန့်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုစုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် နည်းဥပဒေ (၉) ခု၊ လုပ်ထုံးလုပ်နည်း (၃) ခု၊ အမိန့်ပေါင်း (၈၀) နှင့် ကြေညာချက် (၃) ခုတို့ ပါဝင်သည်။

အဆိုပါ "၂၀၂၂ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ" စာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရေပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

ထီးချိုင့်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ထီးချိုင့် ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနက ပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က အမှတ်(၁) စံပြရပ်ကွက် ရွှေအင်ကြင်းတောရဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးမြင့်ဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပျိုးပင်များပေးအပ်ကာ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ရဲလင်းထွန်း(ထီးချိုင့်)**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဂုံးချိန်ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော် ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညိုချ၍ နဝကမ္မအလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နေမှုများကို သွားရောက်ကြည့်ရှုပြီး ရေသန့်ဘူးများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းကာ အားပေးစကားများပြောကြားခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလယ်ချောင်းကျေးရွာ အုပ်စု အခြေခံပညာမူလတန်း (လွန်) ကျောင်း၌ လေဘေးသင့်ပြည်သူများအတွက်ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို (ဒုတိယ) အကြိမ်အဖြစ် ထောက်ပံ့ပေးအပ်ကာ အားပေးစကားများပြောကြားပြီး ကျန်းမာရေးစောင့်ရှောက်နေမှုများကို သွားရောက်ကြည့်ရှုခဲ့

သည်။ ထို့ပြင် မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးသွားသည့် စာသင်ကျောင်းဆောင်များ ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုကို သွားရောက်ကြည့်ရှုပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့အတူ မတူပီမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် **(ဝဲပုံ)** နယ်မြေခံတပ်နယ်ခန်းမ၌ လေဘေးသင့်ပြည်သူများထံ အဝတ်အထည်မျိုးစုံနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့မပရိယတ္တိဘုန်းတော်ကြီးကျောင်း၊ ရွှေတောင်တန်းဘုန်းတော်ကြီးကျောင်းနှင့် ခေမာရာမပရဟိတ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကန်တော့ပြီး သံဃာတော်များအတွက် သင်္ကန်းစုံများ၊ စားသောက်ကုန်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးခဲ့သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သာသနာ့ဗိမာန်တော်ကြီးတွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကာ မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ခဲ့သော ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇူလိုင် ၄

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် အခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၄

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေး

အတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ လှမချေ ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး မြို့မ ဘုန်းတော်ကြီးကျောင်း၊ ရွှေတောင်တန်း ဘုန်းတော်ကြီးကျောင်း၊ ပညာပါရမီ ဘုန်းတော်ကြီးကျောင်းတို့အား သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဂုံးချိန်ရပ်ကွက်ရှိ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ရေသန့်ဘူးနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဘူးသီးတောင်မြို့အတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေး အဖွဲ့က အလယ်ချောင်းကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အောက်လွှတ်တော်ဥက္ကဋ္ဌသစ်ကို ထိုင်းလွှတ်တော် ရွေးချယ်တင်မြှောက်

ရွေးချယ်တင်မြှောက်ခံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဝမ်မူဟာမက် နော်မာသာ။

ဘန်ကောက် ဇူလိုင် ၄

ထိုင်းလွှတ်တော်က အောက်လွှတ်တော်ဥက္ကဋ္ဌသစ်ကို ရွေးချယ်တင်မြှောက်လိုက်ပြီဖြစ်သည်။ မေလအတွင်းက အထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံပါတီများက အနိုင်ရပြီးနောက် ထိုကဲ့သို့ အောက်လွှတ်တော်ဥက္ကဋ္ဌသစ် ရွေးချယ်တင်မြှောက်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် ရှေ့သို့ချီပါတီနှင့် အခြားမဟာမိတ်ပါတီများသည် လက်ရှိတွင် ညွှန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အောက်လွှတ်တော်ရှိ လွှတ်တော်အမတ်များသည် ဇူလိုင် ၄ ရက်က ဝါရင့်နိုင်ငံရေးသမား ဝမ်မူဟာမက် နော်မာသာကို အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း အတည်ပြုထောက်ခံပေးခဲ့ကြကြောင်း သိရသည်။

လွှတ်တော်ဥက္ကဋ္ဌရာထူးကို ထိုင်းနိုင်ငံ၏ ဒုတိယအကြီးဆုံးပါတီ ဖြူထိုင်းနှင့် ရှေ့သို့ချီပါတီတို့က ရယူလိုနေသည့်အတွက် ပါတီနှစ်ရပ်အကြား သဘောထားကွဲလွဲမှုများ ရှိခဲ့သော်လည်း ဇူလိုင် ၃ ရက်တွင် အတိုက်အခံအုပ်စုမှ တတိယပါတီ ကိုယ်စားလှယ်လောင်းကို ရွေးချယ်ရန် ပါတီနှစ်ရပ်အကြား ညှိနှိုင်းမှု ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ထိုကဲ့သို့ တတိယပါတီကိုယ်စားလှယ်လောင်းကို ရွေးချယ်ရန် ဆုံးဖြတ်မှု၏ ရည်ရွယ်ချက်မှာ အစိုးရတစ်ရပ်ဖွဲ့စည်းရေး ကြိုးပမ်းအားထုတ်ရာတွင် ပါတီနှစ်ရပ်အကြား ထိပ်တိုက်တွေ့စေမည့် အရေးကို ရှောင်ရှားရန်ဖြစ်သည်။ လက်ရှိတွင် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်တင်မြှောက်ရေးကို အာရုံစိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ဝန်ကြီးချုပ်သစ်ရွေးချယ်ပွဲကို ဇူလိုင်လ လယ်တွင် ပြုလုပ်သွားဖွယ်ရှိကြောင်း သိရသည်။

မဟာမိတ်ပါတီရှစ်ဖွဲ့က ရှေ့သို့ချီပါတီ ခေါင်းဆောင်ဖြစ်သည့် ဝိထာလင်ဂျာရိုအမ်ရတ်ကို ထောက်ခံရန် သဘောတူကြသည်။

အင်နန်အိတ်ချ်ကေ

လုံခြုံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန် အင်ဒိုနီးရှားနှင့် သြစတြေးလျတို့ သဘောတူ

ဆစ်ဒနီ ဇူလိုင် ၄

အင်ဒိုနီးရှားနှင့် သြစတြေးလျနိုင်ငံ ခေါင်းဆောင်များ တွေ့ဆုံကာ စီးပွားရေး၊ လုံခြုံရေးကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်သွားရန် သဘောတူခဲ့ကြကြောင်း သိရသည်။

အမေရိကန်၊ တရုတ်နှင့် အခြားသော ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဒေသတွင်း ၎င်းတို့၏ တည်ရှိမှုကို မြှင့်တင်ရန် ကြိုးပမ်းနေကြချိန်တွင် အဆိုပါ နှစ်နိုင်ငံ ခေါင်းဆောင်များ တွေ့ဆုံမှု ထွက်ပေါ်လာခြင်း ဖြစ်သည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် သြစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနိစ်တို့သည် ဇူလိုင် ၄ ရက်က သြစတြေးလျနိုင်ငံ၏ မြို့တော်ဆစ်ဒနီ၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အင်ဒို - ပစိဖိတ်ဒေသတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရန်အတွက်လည်း နှစ်နိုင်ငံစလုံးအနေဖြင့် ကတိပြုခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံ ခေါင်းဆောင်များသည် အီးဗီဘက်ထရီများ ပူးတွဲထုတ်လုပ်မှုအပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြသည်။

အင်ဒိုနီးရှားနှင့် သြစတြေးလျ နိုင်ငံတို့အနေဖြင့် မဟာဗျူဟာမြောက်ဆက်ဆံရေးကို တည်ဆောက်သင့်ကြောင်း ဂျိုကို ဝီဒိုဒို က ပြောသည်။

အင်နန်အိတ်ချ်ကေ

ဂျပန်နှင့် ဥရောပသမဂ္ဂတို့ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ အောင်မြင်စွာ ထုတ်လုပ်နိုင်ရန် သဘောတူ

တိုကျို ဇူလိုင် ၄

ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထောက်ပံ့နိုင်ရေးအတွက် သဘောတူခဲ့ကြသည်။

ဂျပန်စက်မှုဝန်ကြီး နီရှီမူရာ ယာဆူတိုရှိနှင့် ပြည်တွင်းဈေးကွက်ဆိုင်ရာ ဥရောပသမဂ္ဂကော်မရှင် နာသယ်ရီဘရီတန်တို့သည် ဇူလိုင် ၄ ရက်က တိုကျို မြို့၌ နားလည်မှုစာချွန်လွှာတစ်ခုတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အောက်ပုံ)**

နှစ်ဖက်အဖွဲ့သည် သတင်းအချက်အလက်များ ပိုမိုဝေမျှရန်နှင့် ကပ်ရောဂါနှင့် တခြားသော အကျပ်အတည်းပြဿနာများ ပေါ်ပေါက်လာမှုကြောင့် ပစ္စည်းထုတ်လုပ်မှု နှောင့်နှေးကြန့်ကြာခြင်းများကို အတူတူပူးပေါင်းဖြေရှင်းရန် သဘောတူခဲ့ကြသည်။

နောက်ပိုင်းထုတ်လုပ်မည့် ချစ်ပ်များအတွက် မရှိမဖြစ်လိုအပ်သော ပစ္စည်းများတိုးတက်ကောင်းမွန်ရန်နှင့် သုတေသနလုပ်ငန်းများတွင် နီးကပ်စွာ အတူတကွပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။

ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည် လူ့စွမ်းအားအရင်းအမြစ် ကိုင်တွယ်ထိန်းကျောင်းမှုများနှင့် ပတ်သက်ပြီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အင်နန်အိတ်ချ်ကေ

အင်ဒိုနီးရှားနိုင်ငံ၌ ထောင့်သန်းရောဂါကူးစက်ခံထားရသော အမဲသားကိုစားမိပြီး လူတစ်ဦးသေဆုံး၊ ၈၅ ဦး ကူးစက်ဖြစ်ပွား

ဂျကာတာ ဇူလိုင် ၄

အင်ဒိုနီးရှားနိုင်ငံ ယိုဂျကာတာပြည်နယ်၌ ထောင့်သန်းနာရောဂါ ကူးစက်ခံထားရသော အမဲသားကိုစားမိပြီးနောက် လူတစ်ဦးသေဆုံး



ခဲ့ပြီး ၈၅ ဦး ရောဂါကူးစက်ခံထားရကြောင်း ဒေသအာဏာပိုင်များက ဇူလိုင် ၄ ရက်က ပြောကြားလိုက်သည်။

ထောင့်သန်းနာရောဂါသည် ကျွဲ၊ နွား၊ ဆိတ်များမှ ကူးစက်တတ်သော သေစေနိုင်သည့်ရောဂါဖြစ်သည်။ ထောင့်သန်းနာဖြစ်ပွားထားသော တိရစ္ဆာန်များ သို့မဟုတ် ၎င်းတို့၏အသားကို စားမိခြင်းဖြင့် လူများ၌ ရောဂါကူးစက်ဖြစ်ပွားသည်။

အစိုးရပိုင် ဆာဂျီတိုအထွေထွေဆေးရုံကြီး၌ အသက် ၇၃ နှစ်ရှိ ဒေသခံတစ်ဦး အဆိုပါရောဂါဖြင့် ဇွန် ၄ ရက်က သေဆုံးခဲ့သည်ဟု သတင်းပေးပို့မှုရရှိခဲ့ပြီးနောက် အဆိုပါဒေသတွင် ထောင့်သန်းရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း အာဏာပိုင်များက တွေ့ရှိခဲ့သည်ဟု ဂူနန်ကီဒယ်ဒေသကျန်းမာရေးအေဂျင်စီအကြီးအကဲ ဒေဝီအိရာဝတီက ပြောကြားခဲ့သည်။

ထို့နောက် အဆိုပါကျန်းမာရေးအေဂျင်စီက နောက်ထပ်စမ်းသပ်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်ခဲ့ရာ ၎င်းအမျိုးသားမှာ နေမကောင်းဖြစ်ပြီး သေဆုံးသွားသော သူ၏နွားအသားကို စားသုံးမိခဲ့ကြောင်း တွေ့ရှိခဲ့သည်။

ထို့ပြင် သေဆုံးခဲ့သည့် အမျိုးသားမှာ ၎င်း၏ အမဲသားကို အိမ်နီးချင်းများကို ဝေမျှပေးခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် ၎င်း၏အိမ်နီးချင်း ၁၂၅ ဦး၏ သွေးများကို စစ်ဆေးခဲ့ရာ ၈၅ ဦးမှာ အဆိုပါရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု အိရာဝတီက ပြောခဲ့သည်။

အများစုမှာ ထောင့်သန်းရောဂါ၏ လက္ခဏာများဖြစ်သော ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ အသားများနာကျင်ခြင်း၊ လက်များ ရောင်ရမ်းခြင်း၊ သေးငယ်သော အနီဖုများထွက်ခြင်း စသည့်လက္ခဏာများကို ခံစားခဲ့ရသည်။ သို့သော်လည်း ယခုအခါ ၎င်းတို့မှာ ပဋ္ဌဧီဝဆေးများကို သောက်သုံးထားပြီးဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ကျန်းမာသော အမဲသားကို စားသုံးကြရန် အာဏာပိုင်များက ဒေသခံများကို တိုက်တွန်းထားသည်။

ဆင်ဟွာ

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရန်ပြောကြား

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေး စွမ်းအားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘို ခရိုင်၊ ရဲဦးခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

စားရေရိက္ခာဖူလုံစေရန်

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား တာဝန်ယူ ဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများ အပေါ် တာဝန်ကျပွန်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများကလည်း မိမိတို့ဒေသများအလိုက် ပြည်သူများ စားရေရိက္ခာဖူလုံစေရန် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများ အနေဖြင့်လည်း တိုင်းဒေသကြီး အတွင်း စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်တိုးတက် အောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်များ၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရဲဦးခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများက မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ နှင့် ပတ်သက်၍ လည်းကောင်း၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မြို့နယ်များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်မည့် အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက မိမိတို့ ဌာနများအလိုက် တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးစွမ်းအား မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ပါဝါမြှင့်ဖြင့် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေး ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်မည့်အခြေအနေများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

ဖျာပုံမြို့နယ်၌ အခွန်လွတ်ဈေး ဖွင့်လှစ်ရောင်းချ

ဖျာပုံ ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက စားသောက်ကုန်များကို ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်ရေးအတွက် ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက် ဒုတိယလမ်းမကြီးဘေးရှိ အခွန်လွတ်ဈေးကို ဇူလိုင် ၄ ရက်တွင် စတင်ဖွင့်လှစ် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ အခွန်လွတ်ဈေး ဖွင့်လှစ်ရောင်းချနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်တို့က အခွန်လွတ်ဈေး၌ ရောင်းချလျက်ရှိသော သား၊ ငါးဈေးတန်း၊ ကုန်ခြောက်ဈေးတန်းနှင့် ကုန်စိမ်းတန်းတို့တွင် ရောင်းချနေမှုတို့ကို လိုက်လံကြည့်ရှုသည်။

ဖျာပုံမြို့နယ်အနေဖြင့် အခွန်လွတ်ဈေးကို ဇူလိုင် ၄ ရက်မှ စတင်၍ နံနက် ၆ နာရီမှ ၁၀ နာရီခွဲအထိ နေ့စဉ်ဖွင့်လှစ် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

အုတ်တွင်း ဇူလိုင် ၄

အုတ်တွင်းမြို့နယ် ခင်တန်းကျေးရွာ ဘဝအဖော်မွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၏ ရန်ပုံငွေဖြင့် (၅)ကြိမ်မြောက်ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၄ ရက်က ကျေးရွာရှိ အမကလွန်(ခင်တန်း)ကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ဦးခင်မောင်ထွေးက ကျေးရွာစာကြည့်တိုက်ရန်ပုံငွေဖြင့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၁ ဦးသို့ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာတန်ဖိုးငွေကျပ် ရှစ်သိန်းကျော် ပေးအပ်လှူဒါန်းကြောင်း ဘဝအဖော်မွန်စာကြည့်တိုက်ကော်မတီဝင်ထံမှ သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

အာဆီယံစီးပွားရေးထူးချွန်ဆု ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၄

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် Asean Business and Investment Summit and Asean Business Awards အာဆီယံစီးပွားရေးထူးချွန်ဆုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးမိုးကျော်က ဇူလိုင် ၄ ရက်က ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်အရ သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်လိုပြီး ယှဉ်ပြိုင်နိုင်သည့် Enterprise (Large Corporations and MSMEs) အောက်တွင် ကဏ္ဍ ငါးခုအဖြစ် Digital Transformation Sustainable Development Food Security Health Resilience Trade & Investment Facilitation တို့တွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

အာဆီယံစီးပွားရေးထူးချွန်ဆုသည် ကမ္ဘာ့အသိအမှတ်ပြုဆုဖြစ်ပြီး ဆုရရှိသူများအနေဖြင့် ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အခွင့်အလမ်းများ၊ Asean–Bac ၏ Knowledge Partners များနှင့် အခြားသောအဖွဲ့အစည်းများမှ ကျင်းပသည့်ပွဲများတွင် ပါဝင်တက်ရောက်ခွင့်ရရှိခြင်း၊ Asean Business and Investment Summit သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံစီးပွားရေးထူးချွန်ဆု ၂၀၂၃ အတွက် https//aseanbacindonesia.id/event/aba–2023 သို့ဇူလိုင် ၁၄ ရက်အထိ လျှောက်ထားနိုင်မည်ဖြစ်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့်လျှောက်လွှာများကို အာဆီယံ ၁၀ နိုင်ငံမှ ဒိုင်လူကြီးများက အဆင့်ဆင့်ရွေးချယ်ကာ ဆုရရှိသူများကို သြဂုတ်လတွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ ဆုရရှိသူများကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စက်တင်ဘာလတွင် ကျင်းပမည့် ဆုချီးမြှင့်ပွဲ၌ ကိုယ်တိုင်တက်ရောက်ယူနိုင်ကြောင်း သိရသည်။

အာကာလင်း

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၆၉)ရပ်ကွက်နေ လှပြည့်ကျော်သည် ၎င်းအသုံးပြုသည့် “Hla Pyai Kyaw” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက်နေ အိနှင်းထက် သည် ၎င်းအသုံးပြုသည့် “Ei Hinn Htet” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာနေ ကျင်ရွှေနှင့် ၎င်း၏သားဖြစ်သူ ဧင်ကိုကိုဝင်းတို့ ၂ ဦးသည် ၎င်းတို့အသုံးပြုသည့် “Kyin Shwe” Facebook အကောင့်နှင့် “Zin Ko Ko Win” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာသစ်ရပ်ကွက်နေ အိပိုပိုကျော်(ခ)ပိုပိုသည် ၎င်းအသုံးပြုသည့် “Po Po” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့် အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လှဲ့လှဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۶۷-၃۶၀۶၀၅၀ ၀۹-၂၀၂၁۶۹၁	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀۹-၂၅၀၁၁၃၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ၀۹-۶၂၀۷၀၈၈၂۷
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۶۷-၃۶၀۶၀۶၈ ၀۹-၂၅۶۲۷၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀۹-۶၂၀۷۶၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۶۷-၃۶၀۶၃၁၆ ၀۹-۶۲၀၅۶၈۶۶		



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၇-၂၀၂၃ — ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	သထားပေါ်	စဉ့်ကူး	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဖျာပုံကော်	ဟင်္သာတ	ကျိုင်းတုံ
92 Ron	၁၉၂၀	၁၉၇၀	၁၉၆၅	၁၉၃၀	၁၉၇၀	၁၉၉၅	၁၉၈၀	၁၉၅၅	၂၀၅၅	၂၀၇၀	၁၉၆၀	၁၉၇၀	၂၀၀၅	၂၀၁၀	၂၀၁၀	၂၂၄၀	၂၀၂၀
95 Ron	၂၀၄၅	၂၀၉၅	၂၀၉၅	၂၀၅၅	၂၀၉၅	၂၁၂၀	၂၀၀၅	၂၀၈၀	၂၁၈၀	၂၁၉၅	၂၀၈၅	၂၀၀၅	၂၁၃၀	၂၁၃၅	၂၁၃၅	၂၆၆၅	၂၉၃၀
HSD (500 ppm)	၁၉၃၅	၁၉၈၅	၁၉၈၀	၁၉၄၅	၁၉၈၀	၂၀၀၅	၂၀၀၀	၁၉၆၅	၂၀၈၅	၂၀၈၀	၁၉၇၅	၁၉၈၅	၂၀၂၀	၂၀၂၀	၂၀၂၅	၂၂၅၀	၂၉၂၀
HSD (50 ppm)	၂၀၁၅	၂၀၆၅	၂၀၆၀	၂၀၂၅	၂၀၆၀	၂၀၈၅	၂၀၈၀	၂၀၄၅	၂၁၆၅	၂၁၆၀	၂၀၅၅	၂၀၆၅	၂၁၀၀	၂၁၀၀	၂၁၀၅	၂၃၃၀	၂၄၈၀
HSD (10 ppm)	၂၀၁၅	၂၀၆၅	၂၀၆၀	၂၀၂၅	၂၀၆၀	၂၀၈၅	၂၀၈၀	၂၀၄၅	၂၁၆၅	၂၁၆၀	၂၀၅၅	၂၀၆၅	၂၁၀၀	၂၁၀၀	၂၁၀၅	၂၃၃၀	၂၄၈၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၂၂	၁၈၉၂
95 Ron	၁၉၄၃	၂၀၁၅
HSD (500 ppm)	၁၈၃၇	၁၉၀၃
HSD (50 ppm)	၁၆၁	၁၉၇၉
HSD (10 ppm)	၁၉၁၁	၁၉၇၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶۷- ၄၀၉၈၈၁၁၊ ၀۹-۶۹۹۶۶၁၁၁၁۶

၀۶۷- ၄၁၁၁၂۹၊ ၀۹-۴۴၀۴၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများ ပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC)သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင်စုဖွဲ့.ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းကော်မတီ ၁၂ ခု အနက် တစ်ခုအပါအဝင်ဖြစ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်

ရွှေ့လျားရေသန့်စင်ကားများဖြင့် ပြည်သူများအား ရေဖြန့်ဝေပေးနေမှု။

မေး ။ ။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ထူထောင်ရေးလုပ်ငန်းကော်မတီအနေနဲ့ မိုခါမုန်တိုင်းနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေထဲမှာ အသက်မွေးဝမ်းကျောင်းကဏ္ဍအလိုက် ကြိုတင်ပြင်ဆင် ရေးဆွဲထားခြင်းနဲ့ ပြန်လည်ထူထောင်ရေးအပိုင်းဆိုပြီး ပါဝင်တယ်။ ကြိုတင်ပြင်ဆင်မှုအနေနဲ့ ကော်မတီမှာပါဝင်တဲ့ ဌာနအလိုက်အစီအမံတွေ ရေးဆွဲဆောင်ရွက်တာနဲ့ ပြန်လည်ထူထောင်ရေးအပိုင်းမှာ အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးနဲ့ ရေရှည်ပြန်လည်ထူထောင်ရေးတို့ ပါဝင်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ မုန်တိုင်းသင့်ဒေသတွေက အလွယ်တကူ ရွှေ့ပြောင်းနိုင်ရေးနဲ့ သန့်ရှင်းတဲ့ သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေးအတွက် တစ်နာရီ ရေဂါလန် ၅၀၀ မှ ၈၀၀ အထိ သန့်စင်ပေးနိုင်တဲ့ ရေသန့်စင်ကား ၁၀ စီးနဲ့ရေသယ်ယာဉ် ၂၈ စီးကို ကြိုတင်ဖြန့်ခွဲထားခဲ့ပါတယ်။

ရေသန့်စင်စနစ် Life–Straw Community တွေ၊ Hygiene Kit(A)(B)၊ ကလိုရင်း Bleaching Powder၊ လီတာ ၂၀ ဆံ့ရေပုံးတွေကို ကြိုတင်ပြင်ဆင် ဖြန့်ဝေခဲ့ပါတယ်။ ကလိုရင်း ၄၀ ကီလိုဂရမ်ပုံး ၁၆၇ ပုံး၊ ရေသန့်ဆေးပြားဘူး ၄၀ ၊ Hygiene Kit(A) ပုံး ၂၀၀နဲ့ ၂၀ လီတာဆံ့ရေပုံး ၂၀၀ ကို မုန်တိုင်းသင့်ဒေသတွေကို ဖြန့်ဝေနိုင်ရေး အသင့်ပြင်ဆင်ထားရှိခဲ့ပါတယ်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေနဲ့ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်း၊ ထောက်ပံ့ရေးပစ္စည်းတွေကို အသင့်ပြင်ဆင်ထားခဲ့ပါတယ်။ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနအနေနဲ့ လုပ်ငန်းဆောင်ရွက်ဖို့ လိုအပ်တဲ့ မတည်ချေးငွေရရှိရေးနဲ့လုပ်ငန်းလုပ်ကိုင်နိုင်ရေး အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးနိုင်ရေး စီမံထားခဲ့ပါတယ်။ ဒါ့အပြင် အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ဖွင့်လှစ်ပေးနိုင်ဖို့ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ကလည်း ကြိုတင်စီမံထားရှိပါတယ်။

စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ နိုင်ငံတော်အရန်ဆန်တန်ချိန်တစ်သောင်း၊ ဆန်အိတ်နှစ်သိန်း ဝယ်ယူစုဆောင်းနိုင်ရေးအတွက် ကြိုတင်တင်ပြဆောင်ရွက်ထားပါတယ်။

သားငါးကဏ္ဍအနေနဲ့ ငါးသားပေါက်တွေ ကြိုတင်စုဆောင်းထားရှိတာ၊ သတိပေး နှိုးဆော်စာတွေ ထုတ်ပြန်တာ၊ မွေးမြူရေးကဏ္ဍအနေနဲ့ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံတာ၊ ကာကွယ်ဆေးတွေ စုဆောင်းဖြန့်ဖြူးထားတာ၊ တိရစ္ဆာန်တွေကို ကုန်းမြင့်ရှိတဲ့နေရာတွေကို ရွှေ့ပြောင်းနိုင်ရေး အသိပေးကြေညာတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

စိုက်ပျိုးရေးကဏ္ဍအနေနဲ့ မျိုးစပါးစုဆောင်းတာ၊ ဓာတ်မြေသြဇာ စုဆောင်းထားရှိတာ၊ သီးနှံသိုလှောင်ရုံတွေပြင်ဆင်ထားတာ၊ စိုက်ပျိုးထားရှိတဲ့ နွေစပါးတွေ အချိန်မီ ရိတ်သိမ်းနိုင်ရေး နှိုးဆော်စာ ထုတ်ပြန်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။

သမဝါယမကဏ္ဍမှာ အသင်းသားတွေအတွက် လိုအပ်တဲ့အရင်းအနှီး၊ သွင်းအားစု၊ လုပ်ငန်းသုံးပစ္စည်းတွေ ထောက်ပံ့ပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးတာ၊ စိုက်ပျိုးရေးမှာ လိုအပ်တဲ့ သဘာဝမြေသြဇာဖြန့်ဖြူးပေးနိုင်ရေး၊ လယ်ယာမြေတွေ ထွန်ယက်ပေးရေး၊သီးနှံရိတ်သိမ်းခြေလှေမှုတွေ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ခဲ့ပါတယ်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို သတ်မှတ်အိမ်ထောင်စာ အရန်သိုလှောင်ထားရှိသလို အရေးပေါ်တုံ့ပြန်ရေးပစ္စည်းတွေဖြစ်တဲ့ ဖိုက်ဘာစက်လှေ၊ အသက်ကယ်အင်္ကျီ၊ ဗောကွင်း၊ ကြိုးခွေ၊ ချိန်းဆော၊ မိုးကာတဲ၊ တာပေါ်လင်လိတ်၊ သွပ်၊ မီးစက် စတာတွေကို ကြိုတင်ဖြန့်ခွဲ ထောက်ပံ့တာတွေ ဆောင်ရွက်ခဲ့ပါတယ်။

